# ရှမ်းပြည်နယ်တလွှား မြန်မာစစ်တပ်

# ထိုးဖောက်နေသည့်

# မီးရထားလမ်းများ

၂၀၀၉ ခုနှစ်မှစ၍ မြန်မာစစ်အစိုးရ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ) သည် ရှမ်းပြည်အရှေ့ပိုင်း ကိန်းတုန် (ကျိုင်းတုံ) နှင့် ရှမ်းပြည်တောင်ပိုင်း မိူင်းနိုင်း (မိုးနဲ) အကြား (၃၆၁) ကီလိုမီတာ ရှည်လျားသော မီးရထားလမ်းအသစ်တခုကို ဖောက်လုပ်နေသည်။


"ဤမီးရထားလမ်းသည် ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးမည့်အပြင် ရှမ်းပြည်တွင်း ခရီးသွားလာမှုလွယ်ကူစေကာ၊ လူသုံးကုန်ပစ္စည်းများကိုလည်း လိုရာရောက်အောင် အလျင်အမြန် ပို့ဆောင် ပေးနိုင်လိမ့်မည်" ဟူ၍ စစ်အစိုးရက အခိုင်အမာပြောဆိုနေသည်။ သို့သော်ငြားလည်း၊ လူသူအလှမ်းကွာဝေးသော နယ်စပ်ဒေသများသို့ ရောက်သည်အထိ ထွင်းဖောက်နေသော ဤမီးရထား လမ်းကြောင်း၏ အမြန်နှုန်းထားနှင့် ရက်စက်မှုများက စစ်အစိုးရ၏ ယုတ်မာလွန်းလှသည့် စီမံကိန်းအဖြစ် ဖွင့်ချပြနေသည်။

လယ်မြေကေ ထောင်ချီ၍ သိမ်းယူဖောက်လုပ်နေသော ဤမီးရထားလမ်းကြောင်း တလျှောက်၏ တဖက်တချက်စီတွင် ဘူဒိုဇာများ၊ ထရပ်ကားများ လုပ်ငန်းခွင်ဝင်နေကြသည်။ လယ်သမားများ၏ အာဏာပိုင်များထံ တိုင်ကြားရန် အားထုတ်မှုများမှာလည်း ထောင်ချပစ်မည်ဟူသော ခြိမ်းခြောက်မှုနှင့်သာ ရင်ဆိုင်နေကြရသည်။

## စစ်ကြီး အတွက် စိုင်းပြင်းနေခြင်း

ဤမီးရထားလမ်းကို စစ်အစိုးရက ရည်ရွယ်ချက်ရှိရှိ၊ မဟာစစ်ပရိယာယ်ကြွယ်ကြွယ် နှင့် ဖောက်လုပ်နေခြင်းဖြစ်သည်။ ထင်ထင်ရှားရှားမြင်နိုင်သည်မှာ ဤမီးရထားလမ်းအားဖြင့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ထိန်းချုပ်သောနယ်မြေ၏ တောင်ပိုင်းဒေသနှင့် မြောက်ပိုင်းဒေသကို လုံးဝ ဖြတ်တောက်လိုက်မည် ဖြစ်သည်။ **UWSA** သည် ပြည်တွင်းအပစ်ရပ်စဲတပ်ဖွဲ့များအနက် အင်အားအကြီးမားဆုံးတပ်ဖွဲ့တခုဖြစ်သည့်အပြင်၊ ၎င်းတပ်ဖွဲ့အား စစ်အစိုးရက ယင်းတို့၏ထိန်းချုပ်မှုအောက်တွင် ရှိမည့် နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ပြောင်းလဲခိုင်းခြင်းကိုလည်း ငြင်းဆန်ထားသော တပ်ဖွဲ့ဖြစ်သည်။ စစ်အစိုးရက **UWSA** ကိုဖြစ်စေ၊ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) /**SSA-South** ၏ ရှမ်းတော်လှန်ရေးတပ်ဖွဲ့များအားဖြစ်စေ ထိုးစစ်ဆင်တိုက်ခိုက်ပါက ၎င်းမီးရထားလမ်းသည် တောတောင်ထူထပ်သောဒေသများသို့ လက်နက်ကြီးများ သယ်ယူပို့ဆောင်ရေးနေရာချရေးနှင့် စစ်သုံးပစ္စည်းနှင့်ရိက္ခာများ အလျင်အမြန်ပို့ဆောင်ပေးရေးအတွက် လွန်စွာအထောက်အကူ ဖြစ်စေလာမည်။

စစ်လက်နက်ပစ္စည်းများအပြင် ၎င်းမီးရထားလမ်းက အဓိကသယ်ဆောင်သွားမည့် အရာများမှာ ဒေသခံ ပြည်သူလူထု၏ သဘောဆန္ဒမပါပဲ အတင်းအဓမ္မ လုယက်ထားသည့် သဘာဝသယံဇာတများ ဖြစ်သည်။ ၎င်းမီးရထားလမ်းသည် မိူင်းကုတ်မြို့ (မိုင်းခုတ်) ကို ဖြတ်သွားမည်ဖြစ်သည်။ ၎င်းမိူင်းကုတ်ဒေသရှိ သက်နကျောက်မီးသွေးကို တန်ပေါင်းသန်းနှင့်ချီ တူးဖေါ်၍ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချသွားရန်ကိုလည်း စစ်အစိုးရနှင့် ထိုင်းရင်းနှီးမြုပ်နှံသူများက စီစဉ်နေသည်။




### မိူင်းနိုင်း (မိုးနဲ) – ကိန်းတုန် (ကျိုင်းတုံ) ရထားလမ်းသစ်

#### ဖြတ်သန်းသွားမည့် လမ်းကြောင်း

ဤမီးရထားလမ်းသစ်သည် ရှမ်းပြည်နယ်အရှေ့ပိုင်းအား ရှမ်းပြည်နယ်အရှေ့တောင်ပိုင်းရှိ မီးရထားလမ်းဆုံ များနှင့် ပထမဦးဆုံးအကြိမ် ချိတ်ဆက်ပေးမည့် ရထားလမ်းဖြစ်ပြီး၊ ထိုမှတဆင့် မြန်မာပြည်၏ ကျန်ဒေသများနှင့်ပါ ချိတ်ဆက်ပေးမည်ဖြစ်သည်။ စစ်အစိုးရပိုင် သတင်းဌာနများ၏ အဆိုအရ မီးရထားလမ်းဖောက်လုပ်ရာလမ်းကြောင်း တလျှောက်တွင် မီးရထားဘူတာရုံသစ် (၁၈)ရုံနှင့် တံတားအစင်းပေါင်း (၄၆၁) စင်းကိုတည်ဆောက်မည်ဖြစ်သည်။ ထိုတံတားများအနက်တစင်းမှာ သံလွင်မြစ်ကိုဖြတ်၍ တည်ဆောက်မည်ဖြစ်ပြီး၊ ၁၉၉၉ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သော တာဆန်းတံတားအနီး၌ ဆောက်လုပ်မည် ဖြစ်သည်။

## ချက်ချင်း ရပ်တန့်ပစ်

ဤမီးရထားလမ်းသည် ရှမ်းပြည်နယ်အတွင်း စစ်အစိုးရ၏ စစ်ယန္တရား ပိုမိုခိုင်မာ ထွင်နေခြင်းအဖြစ် မိမိတို့က ရှုမြင်လိုက်သည်။ ဤမီးရထားလမ်းဖောက်လုပ်နေခြင်းကိုလည်း ချက်ချင်းရပ်တန့်ပစ်ရန် တောင်းဆိုပါသည်။ မီးရထားလမ်းသစ်များကို ထိုလမ်းကြောင်းတလျှောက်နေထိုင်သူ ဒေသခံလူထု၏ အမှန်တကယ် အကျိုးစီးပွားဖြစ်ရေးအတွက် ရှေးရှုဆောင်ရွက်သည့် အခြေအနေမှသာလျှင် တည်ဆောက်သင့်သည်။




လယ်သမားများက ဒေသခံအာဏာပိုင်များထံသို့ သွားရောက်တိုင်ကြားသည့်အခါ၌ ၎င်းင်းတို့က ရထားလမ်း ဖောက်သည့်လုပ်ငန်းသည် “စစ်တပ်၏လုပ်ငန်းစီမံချက်” ဖြစ်သောကြောင့် လက်မခံငြင်းဆန်သူ မည်သူမဆို ထောင်အချခံရမည်သာဖြစ်ကြောင်း ရွာသားများအား ပြောခဲ့ကြသည်။




## မိုင်းနိုင်း (မိုးနဲ) မြို့နယ်၏ စိုက်ပျိုးရေးအချက်အချာနေရာကို ဖြတ်ဖောက်သွားသော မီးရထားလမ်း

၂၀၁၀ ခုနှစ် ဖေဖေါ်ဝါရီလတွင် မိုင်းနိုင်း (မိုးနဲ) မြို့နယ်အာဏာပိုင်များက မြို့အရှေ့ဖက်ပိုင်း အထွက်နှုန်းကောင်းသော လယ်မြေများကိုဖြတ်၍ မီးရထားလမ်းသစ်တခု ဖောက်မည်ဟု ကြေညာခဲ့သည်။ မီးရထားလမ်းသစ်ကို လယ်စိုက်ပျိုးမြေများမရှိသည့် မြို့အနောက်ဖက်မှ ဖောက်ပါက ပိုမိုလွယ်ကူစွာ ဖောက်နိုင်မည်ဖြစ်သကဲ့သို့ ရထားလမ်းကြောင်းသည်လည်း များစွာတိုတောင်းမည်ဖြစ်သော်လည်း မြို့အရှေ့ဖက်လမ်းကြောင်းအတိုင်းသာ ဖောက်ခြင်းက စစ်အာဏာပိုင်များ၏ ရည်ရွယ်ချက်ရှိရှိလုပ်နေကြောင်းကို အာမခံနေသည်။

တချိန်တခါက မိုင်းနိုင်း (မိုးနဲ) ဒေသသည် ရှမ်းပြည်တောင်ပိုင်းတွင် အထွက်နှုန်းအကောင်းဆုံး စိုက်ပျိုးဒေသများ အနက် တခုအပါအဝင် ဖြစ်ခဲ့သည်။ သို့သော် ၁၉၉၆ ခုနှစ် မှ ၁၉၉၈ ခုနှစ်အတွင်း စစ်အစိုးရ စစ်တပ်၏ လူအစုလိုက် အပြုံလိုက် အတင်းအဓမ္မပြောင်းရွှေ့စေခြင်း၊ မြေယာများသိမ်းပိုက်ခြင်းနှင့် လူထုအကျိုးစီးပွားကို ပျက်စီးစေသော စိုက်ပျိုးရေးမူဝါဒများကြောင့် ဆန်စပါးနှင့် အခြားသီးနှံအထွက်နှုန်း တဟုန်ထိုးကျဆင်းသွားခဲ့သည်။ ယခုတဖန် မြို့နယ်အတွင်း အနည်းငယ်သာကျန်ရှိတော့သည့် စပါးစိုက်ခင်းများကိုဖြတ်၍ မီးရထားလမ်းသစ် ဖောက်လုပ်မည်ဟူသည့် အာဏာပိုင်များ၏ ဆုံးဖြတ်ချက်ကြောင့် ဒေသခံလယ်သမားများ လွန်စွာအမျက်ဒေါသထွက်ကြသည်။




အစကနဦးက စစ်အာဏာပိုင်များက ဒေသခံလယ်သမားများနှင့် ရွာသူကြီးများအား မီးရထားလမ်းဆောက်ရန် အတွက် မြေနေရာအနည်းငယ်ကို လျော်ကြေးမပေးပဲသိမ်းယူမည်ဟု ဆိုခဲ့သည်။ ရထားလမ်းတာဘောင်များ ဆောက်လုပ်ရန်အတွက် မြေသားများကို အခြားနေရာများမှ သယ်ယူလာမည်ဖြစ်၍ ကျန်မြေနေရာများကို ထိခိုက်မှုရှိမည် မဟုတ်ကြောင်း ရွာသားများအား စစ်တပ်အာဏာပိုင်များက အာမခံခဲ့သည်။

သို့သော် လွန်ခဲ့သော ဖေဖေါ်ဝါရီလအကုန်ပိုင်းတွင် ရထားလမ်းဖောက်လုပ်မည့် လမ်းကြောင်းနှင့် ထိစပ်နေသော စိုက်ခင်းမှန်သမျှ ရေသွင်းခြင်းမပြုရဟု အာဏာပိုင်များက အမိန့်ထုတ်ပြန်ခဲ့သည်။ ဆိုလိုသည်မှာ စိုက်ခင်းများအတွင်းသို့ ရေသွင်းသူ မည်သူမဆို အကျဉ်းချခံရမည် ဖြစ်သည်။ သည့်နောက်တွင် အာဏာပိုင်များက အလုပ်သမား (၁၅၀) ခန့်ကိုခေါ်ယူလာ၍ ဘူဒိုဇာများ၊ ဆယ်ဘီးတပ် ထရပ်ကားများဖြင့် လယ်ကွင်းများအတွင်း မြေတူးကာ ရထားလမ်းတာဘောင်များကို တည်ဆောက်ခဲ့ကြသည်။




စိုက်ပျိုးရေး ရေသွင်းမြောင်းများကို ဖြတ်တောက်ပစ်လိုက်ခြင်းကြောင့် အသိမ်းခံရသော မြေနေရာများအပြင် အသိမ်းမခံရသော မြေနေရာအမြောက်အများသည်လည်း ရေပြတ်တောက်သွားခဲ့သည်။ နွေသီးနှံများ ဖြစ်ကြသည့် ပဲပိစပ်၊ ခရမ်းချဉ်သီး၊ ဖရဲသီးနှင့် သခွားသီးများ မခူးဆွတ်ရသေးသည့် အချိန်ဖြစ်သောကြောင့် လယ်သမားများ ၎င်းတို့၏ သီးနှံများအားလုံး ဆုံးရှုံး ခဲ့ရသည်။ ထို့အပြင် ရထားလမ်းတာဘောင် တည်ဆောက်ရန်အတွက် နီးစပ်ရာလယ်ယာမြေများတွင် ဘူဒိုဇာများဖြင့် မြေကြီးများ တူးယူနေသောကြောင့် မြေမြောင်းကြီးများလည်း ပေါ်လာသည်။

၎င်းရထားလမ်းဖောက်လုပ်ခြင်းအတွက် စုစုပေါင်းဆုံးရှုံးသည့်မြေပမာဏ ကေတစ်ထောင်ကျော်ရှိရာ မိုင်းနိုင်း အနီးတဝိုက် မြေနိမ့်စိုက်ပျိုးမြေ၏ (၁၃) ရာခိုင်နှုန်းခန့် ဖြစ်သည်။ ယခုနှစ် စိုက်ပျိုးရာသီအတွင်း လယ်သမားများဆုံးရှုံးခဲ့ရသည့် ပမာဏမှာ နွေသီးနံ ပဲပိစပ် တမျိုးတည်းအတွက်ပင်လျှင် ခန့်မှန်းချေ ကျပ်ငွေ (၂၅) သန်း (အမေရိကန်ဒေါ်လာ နှစ်သောင်းငါးထောင်) ခန့်ရှိသည်။

## ကိန်းတုန် (ကျိုင်းတုံ) မှ အသိမ်းခံရသော လယ်မြေများ

၂၀၀၉ ခုနှစ် အစောပိုင်းမှစ၍ ကိန်းတုန် (ကျိုင်းတုံ) မြို့ပြင်အနောက်ဖက်ပိုင်း ဆင်ခြေဖုံးတွင် နေထိုင်သော ရွာသားများပိုင်ဆိုင်သည့် မြေဧက နှစ်ထောင်ကျော် အသိမ်းခံခဲ့ရသည်။ ၂၀၀၉ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ ထိုနေရာများတွင် မြေတူးဖေါ်ခြင်းလုပ်ငန်းများ လုပ်ဆောင်နေသည်။ ကိန်းတုန် (ကျိုင်းတုံ)သို့မီးရထားတွဲ သုံးတွဲ သယ်ဆောင်ထားပြီးဖြစ်ကာ လုံခြုံရေးအစောင့်အကြပ်အခိုင်အမာဖြင့် ထိန်းသိမ်းထားသည်။






## အဆိပ် သယ်ယူပို့ဆောင်ရေး

မီးရထားလမ်းအသစ်အား မိုင်းကုတ်မှ ကျောက်မီးသွေးများ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုမည်ဖြစ်သည်။ စစ်အစိုးရ နှင့် ထိုင်းရင်းနှီးမြှုပ်နှံသူများသည် မိုင်းကုတ်မြို့တွင် သက်နုကျောက်မီး သွေး တန်သန်းချီ၍ ထုတ်ယူရေးနှင့် ကျောက်မီးသွေးနှင့် လျှပ်စစ်ဓါတ်အားကိုပါ ထိုင်းနိုင်ငံသို့ ရောင်းစားရေးအတွက် ကျောက်မီးသွေးသုံး ဓါတ်အားထုတ် စက်ရုံတခုတည်ဆောက်ရန် စီစဉ်နေကြသည်။ ၎င်းကျောက်မီးသွေး မိုင်းတူးဖေါ်ရေးလုပ်ငန်း အတွက် ဒေသခံရွာသားများ ထောင်ချီ၍ အတင်းအဓမ္မပြောင်းရွှေ့ ခံနေရသည့်အပြင် ၎င်းမိုင်းတွင်းများမှ ဒေသတွင်း သဘာဝ ပတ်ဝန်းကျင်ကိုလည်းကောင်း၊ ထိုင်းနိုင်ငံမြောက်ပိုင်းသို့ ဖြတ်ဝင် စီးဆင်းသွားသော နမ့်ကုတ်မြစ်ကို လည်းကောင်းဆိုးဝါးသော ဓါတု အဆိပ်သင့်မှုများ ဖြစ်ပေါ်လာစေနိုင်ပေသည်။

## ဒေသခံပြည်သူလူထုပိုင် ပစ္စည်းများ ပျက်စီးခြင်း

ဆောက်လုပ်ရေးပစ္စည်းများကိုမိုင်းနိုင်းမြို့ တောင် ဖက်ပိုင်းမှ မြို့အရှေ့ဖက်ပိုင်းရှိ မီးရထားလမ်းဖောက်နေ သည့် အလုပ်ကွက်ရှိရာသို့ မြို့လယ်ကောင်ကိုဖြတ်ကာ ဆယ်ဘီး တပ်ကားများဖြင့် တချိန်လုံးမရပ်မနား သယ်ဆောင်နေ သည်။ ၎င်းထရပ်ကားများဖြတ်မောင်းသွားရာ လမ်းတလျှောက် ဘေးတဖက်တချက်တွင်ရှိသည့် အိမ်များမှာလည်း ထရပ်ကားကြောင့် ထွက်ရှိလာသည့်တုန်ခါမှုကြောင့် ပျက်စီးကြရသည်။

## စစ်အစိုးရ၏ ညံ့ဖျင်းမှု သမိုင်းမှတ်တမ်း

၁၉၉၀ အစောပိုင်းနှစ်များအထိ ရှမ်းပြည်အရှေ့တောင်ပိုင်းတွင် မီးရထားဖြင့် ခရီးသွားလာရသော စနစ်မရှိပေ။ ပြည်မမှ လာသော မီးရထားများသည် တောင်ကြီးမြို့အနီး ရွှေညောင်တွင် အဆုံးသတ်သည်။ သို့သော် ၁၉၉၂ ခုနှစ် မှ ၁၉၉၆ ခုနှစ်ကြားတွင် စစ်အစိုးရက ရွှေညောင်မြို့ အရှေ့တောင်ဖက်မှသည် အောက်ဖက် ကရင်နီပြည်နယ် လွိုင်ကော်မြို့နှင့် အထက်ဖက် ရပ်စောက်မြို့အထိ မီးရထားလမ်းအသစ်တည်ဆောက်ရန် အမိန့်ထုတ်ခဲ့သည်။ ဒေသခံကျေးရွာသားပေါင်း တစ်သန်းကျော်သည် ထိုမီးရထားလမ်းများအတွက် အခကြေးငွေ တစုံတရာမရပဲ ဖောက်လုပ်ပေးခဲ့ရသည်။ မီးရထားလမ်း ဖောက်လုပ်စဉ်ကာလအတွင်း လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။

ထိုအချိန်တွင်းမှာပင် ရှမ်းပြည်အနောက်ပိုင်း မီးရထားလမ်းဆီသို့ ချိတ်ဆက်သွားမည့် မိုင်းနိုင်း (မိုးနဲ) နှင့် နမ့်စမ်အကြား ၄၄ ကီလိုမီတာရှည် မီးရထားလမ်းတိုတခု ဖောက်ခဲ့သော်လည်း၊ ယနေ့အချိန်အထိ ပြီးစီးမှု မရှိသေးပေ။

တည်ဆောက်မှု အရည်အသွေးမကောင်းမွန်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေး ညံ့ဖျင်းမှု သောကြောင့် မီးရထားလမ်းများမှာ အမြဲတစေ ပျက်နေတတ်သည်။ သို့ကြောင့် မကြာခဏ ရထားလမ်းတာဘောင်ပြိုခြင်း၊ ရထားလမ်းချော်ခြင်းများလည်း အစဉ်အမြဲ ဖြစ်လေ့ရှိသည်။ လုံခြုံဘေးကင်းမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ရခြင်းနှင့် မီးရထားသွားနှုန်း အလွန်နှေးကွေး ခြင်းကြောင့် ခရီးသည်အနည်းအကျဉ်းသာ ရထားဖြင့် ခရီးသွားလာကြသည်။



"ကျနော်တို့ရဲ့ မြေတွေကို သိမ်းယူသွားကြတဲ့အတွက်
သူတို့ကို ကျနော်တို့ အရမ်း ဒေါသ ထွက်တယ်။
ကျနော်တို့ မြေတွေကို ပြန်ရချင်ပါတယ်။
ဒီမြေတွေက ကျနော်တို့ မျိုးရိုးစဉ်ဆက်
လုပ်ကိုင်စားသောက်လာခဲ့တဲ့ မြေပါ။"

"အစိုးရဆီကနေ ကျနော်တို့ ဘာမှ မလိုချင်ဘူး။ သူတို့
ဘာဘဲလုပ်လုပ် ကျနော်တို့အတွက် အသုံးမတဲ့ပါဘူး။
အဲဒီမီးရထားလမ်းဟောင်း (မိုင်းနိုင်း မှ နမ့်စမ်) ကို
ဘယ်သူမှတောင် မသုံးတော့ဘူး။ "

မြန်မာနိုင်ငံကို အုပ်ချုပ်နေသော စစ်ဗိုလ်ချုပ်ကြီးများသည် ရှမ်းပြည်နယ်အတွင်း နေထိုင်နေသာ ပြည်သူများနှင့် ပြည်နယ်အတွင်းရှိ သဘာဝ အရင်းအမြစ်များကို ရေရှည်ထိန်းချုပ်ထားရန် အစီအစဉ်ရှိနေသည်ကို မဟာစစ်ပရိယာယ်ကျကျ ဖောက်လုပ်မည့် ဤရထားလမ်းအသစ်က ထပ်မံ သက်သေပြသလိုက်ခြင်း ဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲအပြီး မည်သည့် အရပ်သားအရေခြုံအစိုးရမျိုး ပေါ်ထွက်လာစေကာမူ စစ်တပ်ဖိနှိပ်မှု အခြေခံ အဆောက်အဦနှင့် ယန္တရားများ ဆက်လက်တည်ရှိနေမြဲဖြစ်ကာ၊ မိမိတို့လူထုသည်လည်း ဒုက္ခ ရင်ဝယ်ပိုက်မြဲ ပိုက်နေရဦးမည်သာ ဖြစ် သည်။

မိမိတို့၏ တောင်းဆိုချက်များ

- မြန်မာစစ်တပ်အာဏာပိုင်များသည် ကိန်းတုန် (ကျိုင်းတုံ) – မိုင်းနိုင်း (မိုးနဲ) မီးရထားလမ်း ဖောက်လုပ်နေမှုကို ချက်ချင်း ရပ်တန့်ပေးရမည်။
- မီးရထားလမ်းသစ်များကို ထိုလမ်းကြောင်းတလျှောက်နေထိုင်သူ ဒေသခံလူထု၏ အမှန်တကယ် အကျိုးစီးပွားဖြစ်ရေးအတွက် ရှေးရှုဆောင်ရွက် သည့် အခြေအနေမှသာလျှင် တည်ဆောက်သင့်သည်။



ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေး အသင်း (SWAN)
www.shanwomen.org

ရှမ်းလူ့အခွင့်အရေး ဖောင်ဒေးရှင်း (SHRF)
www.shanhumanrights.org

၂၀၁၀ ခုနှစ် ဩဂုတ်လ